Burmese | မြန်မာ

safe work australia

# ဩစတြေးလျနိုင်ငံရှိ လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး – ရွှေ့ပြောင်းလုပ်သားများနှင့် ယဉ်ကျေးမှုစုံ လုပ်သားများအတွက် အချက်အလက်များ

## ဩစတြေးလျနိုင်ငံတွင် အားလုံးသည် လုပ်ငန်းခွင်၌ ကျန်းမာစွာနေထိုင်ခွင့်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ပိုင်ခွင့်ရှိသည်။

လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများသည် အလုပ်သမားများအားလုံးကို ၎င်းတို့၏ အလုပ်ခန့်အပ်ပုံ (ဥပမာ ခန့်အပ်ထားသည့် လုပ်သား၊ ယာယီလုပ်သား) သို့မဟုတ် ၎င်းတို့၏ ဗီဇာအခြေအနေနှင့် မသက်ဆိုင်ဘဲ ကာကွယ်ပေးထားပါသည်။ ဩစတြေးလျနိုင်ငံရှိ လုပ်ငန်းခွင်များအားလုံးနှင့် ယဉ်ကျေးမှုအုပ်စုများအားလုံးအတွက် တူညီသောဥပဒေများကို ကျင့်သုံးသည်။

### သင်၏ အခွင့်အရေးများမှာ အဘယ်နည်း။

သင်သည် အောက်ပါအခွင့်အရေးများ အပါအဝင် လုပ်ငန်းခွင်၌ ကျန်းမာစွာနေထိုင်ခွင့်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ပိုင်ခွင့်ရှိသည်-

1. ပံ့ပိုးမှုများဖြင့် ကျန်းမာစွာနေထိုင်ခွင့်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော နေရာတွင် အလုပ်လုပ်နိုင်ခွင့်ရှိသည် (ဥပမာ သန့်ရှင်းသော အိမ်သာနှင့် သောက်ရေကို အလွယ်တကူ ရရှိအသုံးပြုနိုင်ခြင်း)
2. သင့်အလုပ်၏ ဖြစ်နိုင်ချေရှိသော အန္တရာယ်များကို သိထားပြီး မည်သို့ အန္တရာယ်ကင်းစွာ လုပ်ဆောင်ရမည်ကို ကြည့်ရှုထားခွင့်ရှိပါသည်
3. သင်အလုပ်စမလုပ်မီ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ရန် လိုအပ်သည့် သင့်လျော်သော ကိရိယာများနှင့် အဝတ်အထည်များ ရရှိပိုင်ခွင့်ရှိသည် (၎င်းသည်တို့အတွက် သင်ငွေပေးရန် မလိုပါ)
4. လုပ်ငန်းခွင်ရှိ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပြဿနာများကို သတင်းပို့ပါ - သင့်အလုပ်ရှင်သည် သင်က ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပြဿနာများကို တင်ပြခွင့်ပေးရမည့် တရားဝင် တာဝန်တစ်ခုရှိပြီး သင်ထိုသို့တင်ပြသောကြောင့် သင့်ကိုအပြစ်ပေးခြင်း သို့မဟုတ် အလုပ်မှထုတ်ခြင်းသည် ဥပဒေနှင့်မညီပါ
5. သင်သည် သင် သို့မဟုတ် အခြားသူများ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်း အန္တရာယ် ပြင်းပြင်းထန်ထန် ရှိနေပါက သင်အလုပ်လုပ်ရန် ငြင်းဆိုပိုင်ခွင့်ရှိသည်၊ ပြီးလျှင်
6. လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာ သို့မဟုတ် နာမကျန်းမှုကို မည်သို့သတင်းပို့ရမည်ကို ပြထားရမည်။

### အလုပ်ရှင်များသည် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများအရ မည်သည်တို့ ပြုလုပ်ရန် လိုအပ်သနည်း။

အလုပ်ရှင်များ ပြုလုပ်ရမည် -

1. သင်၏ ကာယနှင့် စိတ်ပိုင်း နှစ်ခုစလုံး၏ - ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ပေးရန် ကြောင်းကျိုးညီစွာ အားလုံး လုပ်ဆောင်ပေးရမည်
2. ဘေးကင်းပြီး ပံ့ပိုးမှုရှိသော လုပ်ငန်းပတ်ဝန်းကျင် ကိုပေးဆောင်ရမည်
3. သင်၏ လုပ်ငန်းခွင်တွင် အန္တရာယ်များကို ရှာဖွေပြီး ဖယ်ရှားပါ – အန္တရာယ်များကို မဖယ်ရှားနိုင်ပါက မည်သူမှ မထိခိုက်စေရန် သို့မဟုတ် နာမကျန်းမဖြစ်စေရန်အတွက် ၎င်းတို့သည် ကြောင်းကျိုးညီစွာ လုပ်နိုင်သမျှ အားလုံးကို လုပ်ဆောင်ရမည်
4. သင်သည် သင်လုပ်ရမည့်အလုပ်ကို နားလည်ပြီး ဘေးကင်းစွာ မည်သို့လုပ်ဆောင်ရမည်ကို သေချာနားလည်ရန် သင့်အား သင်တန်းပေးခြင်း၊ သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များ ပေးရမည်
5. သင်အလုပ်စမလုပ်မီ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ရန် လိုအပ်သည့် သင့်လျော်သော ကိရိယာများ သို့မဟုတ် အဝတ်အထည်များကို ပေးရမည်
6. လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သင့်ကို ပြောပြရမည်။ သင့်မေးခွန်းများကို ဖြေဆိုရမည်ဖြစ်ပြီး သင့်သဘောထားအမြင်များကို နားထောင်ရမည်
7. အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာ သို့မဟုတ် ဖျားနာမှုတစ်ခုခုကို မည်သို့တင်ပြရမည်ကို ပြသရမည်။

# မြန်မာ/ဩစတြေးလျနိုင်ငံရှိ လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး – ရွှေ့ပြောင်းလုပ်သားများနှင့် ယဉ်ကျေးမှုစုံ လုပ်သားများအတွက် အချက်အလက်များ

safe work australia

## ဘေးအန္တရာယ်များမှာ အဘယ်နည်း။

ဘေးအန္တရာယ်များသည် အလုပ်ခွင်တွင် သင့်အား ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေနိုင်သည့် အရာများဖြစ်သည်-

- မြေပြင်အထက်တွင် အလုပ်လုပ်ခြင်း (ဥပမာ- ပစ္စည်းစင်များပေါ်သို့ လှေကားဖြင့် တက်ခြင်း သို့မဟုတ် ခေါင်မိုးပေါ်တွင် အလုပ်လုပ်ခြင်း)
- လျှပ်စစ်နှင့်အလုပ်လုပ်ခြင်း
- လေးလံသော သို့မဟုတ် အစုအပုံလိုက် ကျယ်သော ဝန်များကို မခြင်း သို့မဟုတ် ရွှေ့ခြင်း
- အလွန်ပူသော သို့မဟုတ် အေးသောနေရာများတွင် အလုပ်လုပ်ခြင်း
- ကျယ်လောင်သော ဆူညံသံများရှိခြင်း
- စက်များ သို့မဟုတ် ပစ္စည်းကိရိယာများဖြင့် အလုပ်လုပ်ခြင်း (ဥပမာ - စက်ရုံတစ်ခုတွင်)
- ဓာတုပစ္စည်းများနှင့် အလုပ်လုပ်ခြင်း (ဥပမာ - သန့်ရှင်းရေးအလုပ်)
- အချိန်ကြာမြင့်စွာအလုပ်လုပ်ခြင်း သို့မဟုတ် ပင်ပန်းခဲယဉ်းသော (ဥပမာ - လက်ဖြင့်တူးခြင်း၊ စဉ်ဆက်မပြတ်စိတ်ပိုင်းဆိုင်ရာ တောင်းဆိုမှုများ သို့မဟုတ် အာရုံစူးစိုက်မှုကိုလိုအပ်ခြင်း)
- တစ်နေရာတည်းတွင် အချိန်အကြာကြီး အလုပ်လုပ်ခြင်း (ဥပမာ- ထိုင်နေခြင်း သို့မဟုတ် များများ မလှုပ်ရှားနိုင်ဘဲမတ်တပ်ရပ်နေရခြင်း သို့မဟုတ် အနားမယူနိုင်ခြင်း)
- ခွတီးခွတဖြစ်သော အနေအထားများတွင် အလုပ်လုပ်ခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာ တူညီသော ကိုယ်ဟန်အနေအထားကို ထိန်းသိမ်းထားရခြင်း
- ရှည်လျားသော ထပ်ခါတလဲလဲ လှုပ်ရှားမှု
- တစ်ယောက်တည်း သို့မဟုတ် သင်လိုအပ်ပါ ကအကူအညီရရန်ခက်ခဲသော နေရာတွင် အလုပ်လုပ်ခြင်း
- အန္တရာယ်ရှိသော ဖုန်မှုန့်များ သို့မဟုတ် အမှုန်များကို ရှူရှိုက်ရခြင်း(ဥပမာ - ဆောက်လုပ်ရေးနေရာတစ်ခုတွင်)
- လူမျိုးရေးနှင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအပါအဝင် အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်း၊ နှင့်
- ရန်လိုသော အပြုအမူနှင့် အကြမ်းဖက်မှု။

## သင်ကိုယ်တိုင်နှင့် အခြားသူများ ဘေးကင်းလုံခြုံအောင် မည်သို့နေထိုင်နိုင်မည်နည်း။

လုပ်ငန်းခွင်တွင် သင်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကိုလည်း ဂရုစိုက်ရမည်ဖြစ်ပြီး အခြားသူများအား အန္တရာယ်မဖြစ်စေရပါ။ သင်လုပ်နိုင်သည်မှာ-

- လစာဖြင့်အလုပ်လုပ်ချိန်တွင် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး သင်တန်း တက်ရောက်ရန်နှင့် သင်၏ အလုပ်ကိုလုပ်ရန် သင်တက်ရောက်ထားသော သင်တန်းအတိုင်း လိုက်နာဆောင်ရွက်ခြင်း
- သင်တန်းကို နားမလည်ပါက သို့မဟုတ် အလုပ်ကို လုံခြုံစိတ်ချစွာ မည်သို့လုပ်ဆောင်ရမည်ကို မေးမြန်းခြင်း
- လုပ်ငန်းခွင်ရှိ တာဝန်များကို မည်သို့နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ရမည်၊ ကိရိယာများနှင့် တန်ဆာပလာများကို မည်သို့ ဘေးကင်းလုံခြုံစွာ အသုံးပြုရမည်နှင့် ပတ်သက်၍ သင့်အလုပ်ရှင်ထံမှ ကျိုးကြောင်းဆီလျော်သော ညွှန်ကြားချက်များကို လိုက်နာခြင်း၊ နှင့်
- လုပ်ငန်းခွင်တွင် သင်မြင်ရသည့် ဘေးအန္တရာယ်များကို သင့်အလုပ်ရှင်အား ပြောပြခြင်း။

## သင်မည်သူ့ကို အကူအညီတောင်းနိုင်သနည်း။

သင့်အလုပ်နှင့် ပတ်သက်၍ မေးခွန်းများမေးရန်နှင့် သင်မလုံခြုံဟု ခံစားရပါက သင်၏ ကြီးကြပ်ရေးမှူး၊ မန်နေဂျာ သို့မဟုတ် အလုပ်ရှင်နှင့် စကားပြောဆိုရန် သင့်တွင် အခွင့်အရေးရှိပါသည်။ သင်နားမလည်သည့်အရာနှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်းနိုင်ပါသည်။

သင့်တွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကိုယ်စားလှယ် (HSR) ရှိပါကလည်း သင် စကားပြောနိုင်ပါသည်။ HSR ဆိုသည်မှာ သင်၏ လုပ်ငန်းခွင်တွင် ရွေးချယ်ထားသော အလုပ်သမားဖြစ်ပြီး လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကို သိပြီး မည်သည့်စိုးရိမ်ပူပန်မှုများမဆို သင့်ကို ကူညီနိုင်သည်။ လုပ်ငန်းခွင်တွင် မမျှတမှု သို့မဟုတ် မလုံခြုံမှုတစ်ခုခု ရှိသည်ဟု သင်ခံစားရလျှင် သင်၏ သမဂ္ဂကိုယ်စားလှယ်နှင့်လည်း စကားပြောနိုင်ပါသည်။ သမဂ္ဂဆိုသည်မှာ လုပ်ငန်းတစ်ခုခု သို့မဟုတ် အလုပ်ခွင်တစ်ခုခုတွင် အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးသော စက်မှုလုပ်ငန်း သို့မဟုတ် အလုပ်အကိုင် အဖွဲ့အစည်းကိုဆိုလိုသည်။

သင်သည် တစ်ဦးအတွက် အလုပ်လုပ်နိုင်ပြီး အခြားသူတစ်ဦး (ဥပမာ - အလုပ်သမားငှားရမ်းသည့်အေဂျင်စီ) မှ ပေးချေနိုင်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် သင်လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းစေရန် တာဝန်ရှိပါသည်။ သင်သည် မည်သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုမဆို တစ်ဦးဦးနှင့် သို့မဟုတ် နှစ်ဦးစလုံးနှင့် စကားပြောနိုင်သည်။

သင်သည် သင်အလုပ်လုပ်သည့် ပြည်နယ် သို့မဟုတ် နယ်မြေရှိ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကိုလည်း ဆက်သွယ်နိုင်ပါသည် – ၎င်းတို့ကို ဤစာရွက်စာတမ်း၏ အဆုံးတွင် ဖော်ပြထားသည်။

## ဘာသာပြန်ဝန်ဆောင်မှုများ

အခမဲ့ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုများကို အွန်လိုင်း TIS National (နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု) တွင် ကြည့်နိုင်သည်။ ဤဝန်ဆောင်မှုကို တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက်၊ ဘာသာစကား 100 ကျော်ဖြင့် ရရှိနိုင်ပါသည်။

## သင် လုပ်ငန်းခွင်တွင် ထိခိုက်ပါက မည်သို့ဖြစ်မည်နည်း။

သင့်အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်းဖြစ်ပါက သင့်အလုပ်ရှင်အား တတ်နိုင်သမျှအမြန်ဆုံးပြောပြပါ ၊ သို့မှသာ ၎င်းတို့က ရှေးဦးသူနာပြုစုပေးခြင်း၊ ဘေးအန္တရာယ်ကို ဖယ်ရှားခြင်း သို့မဟုတ် အခြားမည်သူမျှ ထိခိုက်နစ်နာမှုမရှိစေရန် ကျိုးကြောင်းညီစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဆေးကုသမှုခံယူရန် ဆရာဝန် သို့မဟုတ် သူနာပြုတစ်ဦးဦးနှင့်လည်း တွေ့ဆုံပြီး ဆေးလက်မှတ် တောင်းခံသင့်ပါသည်။ သင်ပြလိုသော ဆရာဝန် သို့မဟုတ် သူနာပြုကို ရွေးချယ်ခွင့် သင့်တွင်ရှိသည်။

အလုပ်နှင့်ဆက်စပ်သော ဒဏ်ရာ သို့မဟုတ် နာမကျန်းဖြစ်မှုများကြောင့် ဆေးဘက်ဆိုင်ရာ ကုသမှုနှင့် အခြားကုန်ကျစရိတ်များ (ဥပမာ - အလုပ်နားချိန်) အတွက် ကူညီပေးချေရန် အလုပ်သမား နစ်နာကြေး တောင်းဆိုမှု ပြုလုပ်နိုင်သည်။ ဩစတြေးလျနိုင်ငံတွင် အလုပ်ရှင်များသည် ယာယီ သို့မဟုတ် အမြဲတမ်းဗီဇာဖြင့် ရွှေ့ပြောင်းလုပ်သားများ အပါအဝင် ၎င်းတို့၏ အလုပ်သမားများ အားလုံးကို အလုပ်ကြောင့် ဖြစ်ပေါ်သော ဒဏ်ရာများ သို့မဟုတ် နာမကျန်းမှုများအတွက် အလုပ်သမား နစ်နာကြေးအာမခံ ထားရှိရမည်ဖြစ်သည်။

အကယ်၍ သင်သည် ကန်ထရိုက်တာဖြစ်ပါက (ကိုယ်ပိုင်အလုပ်လုပ်သူဖြစ်ပါက သို့မဟုတ် အလုပ်အတွက် ဩစတြေးလျစီးပွားရေးနံပါတ် (ABN) ရှိပါက) သင်သည် အလုပ်သမားနစ်နာကြေးဖြင့် အကျုံးဝင်ခြင်းရှိမရှိ စစ်ဆေးရန်သင်အလုပ်လုပ်သည့် ပြည်နယ် သို့မဟုတ် နယ်မြေရှိ သက်ဆိုင်ရာ အလုပ်သမား နစ်နာကြေးအာဏာပိုင်အဖွဲ့ကို ဆက်သွယ်သင့်သည်။ အကယ်၍ သင်သည် အကျုံးဝင်ခြင်းမရှိပါက အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်းရှိပါက သင့်ကိုယ်ပိုင်အာမခံကို ထုတ်ယူရန် စဉ်းစားသင့်ပါသည်။

> i
>
> ကန်ထရိုက်တာတစ်ဦးဖြစ်သူနှင့် ပတ်သက်၍ အထွေထွေ အချက်အလက်များအတွက် Fair Work Ombudsman ဖုန်း 13 13 94 သို့မဟုတ် www.fairwork.gov.au/contractors သို့ ဆက်သွယ်နိုင်ပါသည်။

အလုပ်သမား နစ်နာကြေးအာမခံသည် သင် ထိခိုက်ဒဏ်ရာရပြီးနောက် အလုပ်သို့ပြန်သွားရန်လည်း အထောက်အကူပြုနိုင်သည်။ အလုပ်သမား နစ်နာကြေး အာဏာပိုင်အဖွဲ့သည် သင်နှင့်အတူ အလုပ်လုပ်ဆောင်မည်၊ သင့်ဆရာဝန်နှင့် သင့်အလုပ်ရှင်တို့နှင့်လက်တွဲ၍ သင့်အား အလုပ်ပြန်ဝင်ရန် ကူညီပေးပါမည်။

သင်သည် တောင်းဆိုမှုပြုလုပ်ပုံကို သိရှိရန် သင်အလုပ်လုပ်သည့် ပြည်နယ် သို့မဟုတ် နယ်မြေရှိ အလုပ်သမား နစ်နာကြေး အာဏာပိုင်အဖွဲ့ထံ ဆက်သွယ်နိုင်ပါသည် – ၎င်းတို့ကို ဤစာရွက်စာတမ်း၏ အဆုံးတွင် ဖော်ပြထားပါသည်။

## မျှတသောလစာနှင့် အခြေအနေများရရှိရန် သင်၏ အခွင့်အရေး

ဩစတြေးလျနိုင်ငံတွင် အနိမ့်ဆုံး လုပ်ခလစာနှင့် အလုပ်လုပ်ခြင်း အခြေအနေများ ရှိပါသည်။ Fair Work Ombudsman သည် အလုပ်ရှင်များနှင့် အလုပ်သမားများ အားလုပ်ငန်းခွင်ရှိ ဤအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို နားလည်ရန် ကူညီပေးသည်။ ၎င်းတို့က သင်လစာမည်မျှရရှိသင့်သည်ကို သိရှိရန်လည်း ကူညီပေးနိုင်ပါသည်။

Fair Work Ombudsman သည် တစ်စုံတစ်ယောက်က လုပ်ငန်းခွင်ဥပဒေများကို ချိုးဖောက်သည်ဟု ထင်ပါက စုံစမ်းစစ်ဆေးနိုင်ပါသည်။ သင်သည် သင့်ဗီဇာ၏ အလုပ်အခြေအနေများကို ချိုးဖောက်နေလျှင်ပင် ၎င်းတို့သည် သင့်အား စကားပြောနိုင်ပြီး အကြံဉာဏ်ပေးနိုင်ပါသည်။

> i
>
> Fair Work Ombudsman ကို ဖုန်း 13 13 94 သို့မဟုတ် www.fairwork.gov.au ဖြင့် ဆက်သွယ်နိုင်ပါသည်။

> i
>
> ### လုပ်ငန်းခွင်၌ သင်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ ပိုမိုသော သတင်းအချက်အလက်များ ၊ အကူအညီများ သို့မဟုတ် အကြံဉာဏ်များအတွက် သင်မည်သည့်နေရာသို့ သွားသနည်း။
>
> ရွှေ့ပြောင်းလုပ်သားများ | Safe Work Australia တွင် ဝင်ရောက်ကြည့်ရှုပါ။ ဘာသာစကားဗဟိုချက် | Safe Work Australia တွင် ဘာသာပြန်ထားသော လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသတင်းအချက်အလက်များ ရရှိနိုင်ပါသည်။
>
> လုပ်ငန်းခွင်ရှိ သင်၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ အကူအညီ သို့မဟုတ် အကြံဉာဏ်အတွက် သင်သည် အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ သို့မဟုတ် အလုပ်သမား နစ်နာကြေးအာဏာပိုင်ထံ ဆက်သွယ်နိုင်ပါသည်။ စကားပြန်တစ်ဦးလိုအပ်ပါက **တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု ဖုန်း 131 450** သို့ ခေါ်ဆိုပါ။
>
> လုပ်ငန်းခွင်၌ သင်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ ပိုမိုသော အချက်အလက်များ၊ အကူအညီ သို့မဟုတ် အကြံဉာဏ်များအတွက် သင်၏ သမဂ္ဂထံ ဆက်သွယ်နိုင်ပါသည်။ မည်သည့်သမဂ္ဂကို ခေါ်ဆိုရမည်ကို မသေချာပါက Australian Unions ကိုဖုန်း 1300 486 466 သို့မဟုတ် www.australianunions.org.au တွင် ဆက်သွယ်နိုင်ပါသည်။
>
> သင်၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ သင်ဆက်သွယ်နိုင်သည့် အခြားအဖွဲ့အစည်းများကို အောက်တွင် ဖော်ပြထားပါသည်။

# ဩစတြေးလျနိုင်ငံရှိ လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး – ရွှေ့ပြောင်းလုပ်သားများနှင့် ယဉ်ကျေးမှုစုံ လုပ်သားများအတွက် အချက်အလက်များ

safe work australia

## လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့

သင့်အလုပ်ရှင်မှ မဖြေရှင်းရသေးသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ပြဿနာကို ကြုံတွေ့နေရလျှင် သို့မဟုတ် ကြုံတွေ့ခဲ့ရလျှင် အကူအညီတောင်းရန်

**နယူးဆောက်ဝေးလ်**
SafeWork NSW
ဝဘ်ဆိုက်- safework.nsw.gov.au
အီးမေးလ်- contact@safework.nsw.gov.au
ဖုန်း- 13 10 50

**ဗစ်တိုးရီးယား**
WorkSafe Victoria
ဝဘ်ဆိုက်- worksafe.vic.gov.au
အီးမေးလ်- Info@worksafe.vic.gov.au
ဖုန်း- 1800 136 089 (အခမဲ့ ဖုန်းခေါ် နိုင်သည်)

**ကွင်းစလန်**
Workplace Health and Safety Queensland,
Office of Industrial Relations
ဝဘ်ဆိုက်- worksafe.qld.gov.au
ဖုန်း- 1300 362 128

**ဩစတြေးလျအနောက်ပိုင်း**
WorkSafe WA
ဝဘ်ဆိုက်- commerce.wa.gov.au/WorkSafe/
အီးမေးလ်- safety@dmirs.wa.gov.au
ဖုန်း- 1300 307 877

**ဩစတြေးလျတောင်ပိုင်း**
SafeWork SA
ဝဘ်ဆိုက်- safework.sa.gov.au
အီးမေးလ်- help.safework@sa.gov.au
ဖုန်း- 1300 366 255

**ဩစတြေးလျ မြို့တော်နယ်မြေ**
WorkSafe ACT
ဝဘ်ဆိုက်- worksafe.act.gov.au
အီးမေးလ်- worksafe@worksafe.act.gov.au
ဖုန်း- 13 22 81

**မြောက်ပိုင်းနယ်မြေ**
NT WorkSafe
ဝဘ်ဆိုက်- worksafe.nt.gov.au
အီးမေးလ်- ntworksafe@nt.gov.au
ဖုန်း- 1800 019 115

**တက်စ်မေးနီးယား**
WorkSafe Tasmania
ဝဘ်ဆိုက်- worksafe.tas.gov.au
အီးမေးလ်- wstinfo@justice.tas.gov.au
ဖုန်း- 03 6166 4600 (တက်စ်မေးနီးယားပြင်ပ)
ဖုန်း- 1300 366 322 (တက်စ်မေးနီးယားအတွင်း)

**ဓနသဟာယ**
အကယ်၍ သင်သည် ဩစတြေးလျ ဖက်ဒရယ်အစိုးရအေဂျင်စီတစ်ခုတွင် သို့မဟုတ် ကြီးမားသော နိုင်ငံအဆင့်အလုပ်ရှင်တစ်ဦးထံတွင် အလုပ်လုပ်ပါက သင်သည် Comcare အစီအစဉ်တွင် ပါဝင်နိုင်သည်။
Comcare
ဝဘ်ဆိုက်- comcare.gov.au
အီးမေးလ်- whs.help@comcare.gov.au
ဖုန်း- 1300 366 979

## အလုပ်သမား နစ်နာကြေးအာဏာပိုင်အဖွဲ့များ

အလုပ်နှင့်ဆက်စပ်သော ထိခိုက်ဒဏ်ရာ သို့မဟုတ် နာမကျန်းဖြစ်မှုများအတွက် နစ်နာကြေး တောင်းခံပါက အကူအညီတောင်းခံရန်

**နယူးဆောက်ဝေးလ်**
State Insurance Regulatory Authority
ဝဘ်ဆိုက်- sira.nsw.gov.au
အီးမေးလ်- contact@sira.nsw.gov.au
ဖုန်း- 13 10 50

**ဗစ်တိုးရီးယား**
WorkSafe Victoria
ဝဘ်ဆိုက်- worksafe.vic.gov.au
အီးမေးလ်- Info@worksafe.vic.gov.au
ဖုန်း- 1800 136 089 (အခမဲ့ ဖုန်းခေါ် နိုင်သည်)

**ကွင်းစလန်**
WorkCover Queensland
ဝဘ်ဆိုက်- worksafe.qld.gov.au
အီးမေးလ်- info@workcoverqld.com.au
ဖုန်း- 1300 362 128

**ဩစတြေးလျအနောက်ပိုင်း**
WorkCover WA
ဝဘ်ဆိုက်- workcover.wa.gov.au
ဖုန်း- 1300 794 744

**ဩစတြေးလျတောင်ပိုင်း**
ReturnToWorkSA
ဝဘ်ဆိုက်-rtwsa.com
အီးမေးလ်- info@rtwsa.com
ဖုန်း- 13 18 55

**ဩစတြေးလျ မြို့တော်နယ်မြေ**
WorkSafe ACT
ဝဘ်ဆိုက်- worksafe.act.gov.au
အီးမေးလ်- worksafe@worksafe.act.gov.au
ဖုန်း- 13 22 81

**မြောက်ပိုင်းနယ်မြေ**
NT WorkSafe
ဝဘ်ဆိုက်- worksafe.nt.gov.au
အီးမေးလ်- datantworksafe@nt.gov.au
ဖုန်း- 1800 250 713

**တက်စ်မေးနီးယား**
WorkSafe Tasmania
ဝဘ်ဆိုက်- worksafe.tas.gov.au
အီးမေးလ်- wstinfo@justice.tas.gov.au
ဖုန်း- 03 6166 4600 (တက်စ်မေးနီးယားပြင်ပ)

**ဓနသဟာယ**
အကယ်၍ သင်သည် ဩစတြေးလျ ဖက်ဒရယ်အစိုးရအေဂျင်စီတစ်ခုတွင် သို့မဟုတ် ကြီးမားသော နိုင်ငံအဆင့်အလုပ်ရှင်တစ်ဦးထံတွင် အလုပ်လုပ်ပါက သင်သည် Comcare အစီအစဉ်တွင် ပါဝင်နိုင်သည်။
Comcare
ဝဘ်ဆိုက်- comcare.gov.au
အီးမေးလ်- general.enquiries@comcare.gov.au
ဖုန်း- 1300 366 979

**ဩစတြေးလျနိုင်ငံရှိ လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး – ရွှေ့ပြောင်းလုပ်သားများနှင့် ယဉ်ကျေးမှုစုံ လုပ်သားများအတွက် အချက်အလက်များ**

safe work australia

## သင်၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ အောက်ပါအဖွဲ့အစည်းများထဲမှ မည်သည့်အဖွဲ့အစည်းနှင့်မဆို စကားပြောဆိုနိုင်ပါသည်

### လုပ်ငန်းခွင်ရှိ လုပ်ခလစာနှင့် အခြေအနေများအကြောင်း မေးမြန်းရန်

Fair Work Ombudsman

ဝဘ်ဆိုက်- www.fairwork.gov.au

ဖုန်း- 13 13 94

### အနိုင်ကျင့်ခံရပါက အကူအညီတောင်းခံရန်

Fair Work Commission

ဝဘ်ဆိုက်- www.fwc.gov.au

ဖုန်း- 1300 799 675

### သင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရလျှင် အကူအညီတောင်းခံရန်

အရေးပေါ်အခြေအနေတစ်ခုဖြစ်ပါက 000 ကို ဖုန်းခေါ်ဆိုပါ
ရဲကူညီပေးရေးဖုန်းလိုင်း
ဖုန်း 131 444

### သင်၏ လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်းကို ကြုံတွေ့ခဲ့ရပြီး တိုင်ကြားလိုပါက အကူအညီတောင်းခံရန်

Australian Human Rights Commission
ဝဘ်ဆိုက်- www.humanrights.gov.au
ဖုန်း- 1300 656 419

### အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစု သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် အကူအညီလိုအပ်ပါက အကူအညီတောင်းခံရန်

နိုင်ငံလုံးဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစု သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နှစ်သိမ့်ဆွေးနွေးရေး ဝန်ဆောင်မှု
ဝဘ်ဆိုက်- www.1800respect.org.au
ဖုန်း- 1800 RESPECT (1800 737 732)

**သင့်ဒေသတွင်းတွင် သင့်ကို ပံ့ပိုးပေးနိုင်သည့် ဥပဒေရေးရာစင်တာများ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများနှင့် ယဉ်ကျေးမှုပေါင်းစုံ အထောက်အပံ့အဖွဲ့အစည်းများလည်း ရှိနိုင်သည်။**